# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
## DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား အင်အားစုများထံသို့ပန်ကြားချက်

ဆွေးနွေးတိုက်တွန်းအကြံပြုအပ်ပါသည် ခင်ဗျား –

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ (နအဖ) အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် က အမျိုးသားညီလာခံကို လာမည့် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဟု ပြောကြားသွားခဲ့ပြီ။

'နောက်ဆုံးအကြိမ်ကျင်းပပြုလုပ်မည့် ညီလာခံ'ဖြစ်သည်ဟုလည်း ထည့်သွင်းပြောကြားသွားသည်။

ဤအပြောအတိုင်းဆိုလျှင် လမ်းပြမြေပုံ၏ ပထမအဆင့် သည် ၂၀၀၇ ခုနှစ် အတွင်းပြီးစီး သွားတော့မည့် သဘောဖြစ်ပါသည်။ ပထမအဆင့်ပြီးလျှင် ဒုတိယ၊ တတိယအဆင့်များ လာပါတော့မည်။

ဒုတိယအဆင့် နှင့်ပတ်သက်၍ လမ်းပြမြေပုံ (၇)ချက်ထဲတွင် ဤသို့ဖော်ပြထားသည်။

'အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သောဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့်ဆက်လက်ဆောင်ရွက်ခြင်း'ဟုဖော်ပြထား ပါသည်။

'လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့်ဆက်လက်ဆောင်ရွက်ခြင်း'ဟု ဖော်ပြထားပါသည်။

မည်သို့သော ကိစ္စများကိုဆောင်ရွက်မှာလဲ။

မည်သူက မည်သည့်အဖွဲ့အစည်းကဆောင်ရွက်မှာလဲ။

အချိန်ကာလ မည်မျှကြာမြင့်မှာလဲ။

ပထမအဆင့် (အမျိုးသားညီလာခံကျင်းပခြင်း ) သည် ပင်လျှင် ၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့က စတင် ရေတွက်ကြည့်လျှင် ၃ နှစ်နီးပါး အချိန်ယူခဲ့ပါသည်။ ဒုတိယအဆင့် အချိန်ကာလ ဘယ်လောက်ကြာမည်နည်း။

ပထမအဆင့်တွင်ပါဝင်ခဲ့ကြသည့် အစုအဖွဲ့ ၈ ဖွဲ့မှ ကိုယ်စားလှယ်များပါဝင်ရမည်မဟုတ်သည်ကတော့သေချာပါသည်။

နောက်တစ်ခုသေချာသည်မှာ ကြံ့ဖွံ့၊ မီးသတ်၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စသည့် (နအဖ)၏ 'အင်န်ဂျီအိုအဖွဲ့များ 'အစွမ်းပြလှုပ်ရှားလာကြပါလိမ့်မည်။

ကြံ့ဖွံ့အသင်း၏ 'မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းအမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲ' တွင် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဒွေးဦးက 'သင်တန်းကာလအတွင်းတွင် နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး၌ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ဆွေးနွေးခဲ့ကြသည့်အပြင် ကိုယ်တိုင်ပါဝင်သည့် မိမိတို့၏ နယ်မြေအသီးသီး ၌ရှိနေကြသော ပြည်သူများ၏ အကျိုးအတွက် လက်တွေ့ဆောင်ရွက်နိုင်သည့် နည်းလမ်းများကိုလည်း စုပေါင်းညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီးဖော်ထုတ်ပြုစုနိုင်ခဲ့ကြကြောင်း'ပြောကြားထားသည်နှင့်ဆက်စပ်ကြည့်ရန်ဖြစ်ပါသည်။

'လက်တွေ့ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဖော်ထုတ်ပြုစုနိုင်ခဲ့ကြပြီ'ဟုဆိုနေပါသည်။

သူတို့သည် ကျရာတာဝန်ကို ထမ်းဆောင်ကြလိမ့်မည်။ ယခုပင်လျှင် လူအုပ်ဖြင့် အကြမ်းဖက်ရန်ပြုနေသည်ကို တွေ့ မြင်နေရပါသည်။

ဇွန်လ ၅ ရက်နေ့၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေး (၂/၂၀၀၇)တွင် ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ပြောသည့်မိန့်ခွန်းတွင်ပါသည့် 'တချို့အချက်များကိုပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်သွားကြရမှာဖြစ်ကြောင်း' ဆိုသည့်အချက်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ က တမျိုးအဓိပ္ပါယ်ကောက်နေပါသည်။

ကျွန်တော်တို့အဲဒီလိုမထင်ပါ။ အဲဒီလိုအဓိပ္ပါယ်မကောက်ပါ။ ပြောရေးဆိုခွင့်ရှိသူကောက်ယူနေသည့် အဓိပ္ပါယ်ဖြင့် ပြောနေခြင်းလည်းမဟုတ်ပါ။ သူတို့ချမှတ်ထားသည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများတွင် ချို့ယွင်းချက် ၊ အားနည်းချက်မရှိစေရန် အတွက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်ပြောနေခြင်းသာဖြစ်ပါသည်။

ထိုအခြေအနေတွင် အမျိုးသားညီလာခံ၌ အခြားဖိတ်ကြားသင့်သူများအစုအဖွဲ့မှ တက်ရောက်နေရသည့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပထမအဆင့် ( အမျိုးသားညီလာခံ ) နှင့်ပတ်သက်၍ ကြုံတွေ့ရင်ဆိုင်ခဲ့ရသမျှကို ပြည်သူလူထုထံတင်ပြ အစီရင်ခံစေလိုပါသည်။

ထို့အပြင် လာမည့် ဒုတိယအဆင့်နှင့် တတိယအဆင့်အတွင်းတွင် အပစ်ရပ်အဖွဲ့များ၏ လက်နက်ကိုင်တပ်များ၏ ကံကြမ္မာကို အဆုံးအဖြတ်ပြုတော့မည်ဟု ကျွန်တော်တို့တွက်ဆထားပါသည်။ ဖားကိုပွက်ပွက်ဆူနေသည့် အိုးထဲပစ်ထည့်သည့် နည်းလမ်းကိုမသုံးပဲ၊ အိုးထဲကရေကို တဖြည်းဖြည်းဆူပွက်လာစေမည့်နည်းလမ်းသုံးလိမ့်မည်ဟုလည်းတွက်ဆထားပါသည်။

ပြန်ကြားရေးဝန်ကြီးကလည်း (၅/၂၀၀၆) သတင်းစာရှင်းလင်းပွဲတွင် 'ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရင်တော့ အဲဒီအခါမှာ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ အဖွဲ့အားလုံး လက်နက်စွန့်ကြရမှာဖြစ်ပါတယ်၊ ဒါကိုအားလုံး သဘောတူညီကြပြီးသားဖြစ်ပါတယ်' လို့ပြောကြားထားတာရှိပါသည်။

လူမျိုးရေးအရ အဆင့်နေရာ၊ နိုင်ငံရေးအဆင့်နေရာမရှိ၍ (တန်းတူရေးနှင့်ဒီမိုကရေစီမရှိသဖြင့်) 'အမျိုးသားဒီမိုကရေစီတော်လှန်ရေး' ဆင်နွှဲခဲ့ကြရသည်။ သို့ဖြင့် သက်ဆိုင်ရာ မိမိလူမျိုးကိုယ်စားပြုနိုင်ငံရေးပါတီအဖွဲ့အစည်းနှင့် ကိုယ်ပိုင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ တပ်ဖွဲ့များဖြစ်တည်လာခဲ့ရသည်။ ဖြတ်သန်းလာခဲ့ရသည်။

ယခု ညီလာခံက ချမှတ်ရေးသားနေသည့် အခြေခံမူများနှင့်အသေးစိတ်အခြေခံမူများတွင် တိုင်းရင်းသားများ၏ လူမျိုးရေးနှင့် နိုင်ငံရေးအဆင့်နေရာ(တန်းတူရေးနှင့်ဒီမိုကရေစီရေး) ကို တိတိကျကျအာမခံမည့် အချက်အလက်တစုံတရာမျှမတွေ့မြင်ပါ။

ထိုသို့ တိတိကျကျအာမခံမည့် အချက်အလက်တစုံတရာမျှမရှိပဲ 'သက်ဆိုင်ရာ မိမိလူမျိုးကိုယ်စားပြုနိုင်ငံရေးပါတီအဖွဲ့အစည်းနှင့်ကိုယ်ပိုင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ တပ်ဖွဲ့များ' မည်သို့ဖျက်သိမ်းနိုင်ကြမည်နည်းဆိုသည်မှာ သမိုင်းဆိုင်ရာမေးခွန်းတစ်ခုဖြစ်နေပါသည်။

ထိုမေးခွန်းကို အပစ်ရပ်ထားသည့်အဖွဲ့အစည်းတိုင်းဖြေဆိုနိုင်မည်မဟုတ်သည်ကိုလည်း ကျွန်တော်တို့နားလည်ထားပါသည်။

သို့သော်လည်း ယနေ့အခြေအနေသည် စစ်အာဏာရှင်စနစ်လား၊ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်လား၊ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုလား ဟူသည်ကိုပြတ်ပြတ်သားသားရွေးချယ်ကြရမည့်အနေအထားသို့ရောက်ရှိနေပြီဖြစ်ပါသည်။

သို့ပါ၍ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပထမအဆင့် ( အမျိုးသားညီလာခံ) နှင့်ပတ်သက်၍ကြုံတွေ့ရင်ဆိုင်ခဲ့ရသမျှကို ပြည်သူလူထုထံတင်ပြ အစီရင်ခံကြရန်လိုအပ်ပါသည်။

ထို့အပြင် မလွဲမသွေရင်ဆိုင်ကြရတော့မည့် အနေအထားတစ်ရပ် အတွက်ဘ၀တူအဖွဲ့အစည်းများအချင်းချင်း/ ရည်မှန်းချက်တူအဖွဲ့အစည်းများအချင်းချင်းညှိနှိုင်းတိုင်ပင်ပြင်ဆင်လုပ်ကိုင်ထားကြရန် လိုအပ်ပါကြောင်းအလေးအနက်တိုက်တွန်း၊ ပန်ကြား၊ အကြံပြုအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၇ ခုနှစ်၊ ဇွန်လ ( ၈ ) ရက်။